

တြိစက္က
ဝိရိုးကျိန်စာ

ငှက်ပျောပင် အများကြီး စိုက်သူမှာ အပင်ဟု နိပြီး အသီးမစားရပေ။ တစ်ပင်တည်းကိုသာ ပြုစုပျိုးထောင်သူသာ အသီးကောင်း စားရသည် ။

လောကတွင် ဖြစ်ပျက်နေသော အကြောင်းများမှာ မြစ်ရေပြင်တစ်ခု ကဲ့သို့ ဖြစ်သည် ။ စီးဆင်းနေတဲ့ မြစ်ရေပြင်ဟာ ရေကြည်ကိုလည်း သယ်သွားရတယ်၊ ရေနောက်ကိုလည်း သယ်သွားရတယ်။ ဒီလိုပဲ သစ်ရွက် သစ်တုံးနဲ့ အမှိုက်သရိုက်တွေနဲ့ အပုပ်ကောင်တွေကိုလည်း သယ်ရတယ်၊ ပန်းပွင့်ကလေးကိုလည်း သယ်တဲ့ အခါ သယ်ရတယ်။ သူ့တာဝန်က ဘာပဲဖြစ်ဖြစ် သမုဒ္ဒရာထဲ ရောက်အောင် သယ်ဆောင်သွားဖို့ ပဲ ဖြစ်တယ်။

အမြစ်စီးနေတဲ့ ရေဟာ ဘယ်တော့မှ အနယ်မထိုင်သလို လောကမှာ သောကဖြစ်ရာတွေ့တိုင်းသာ လက်မှိုင်ချပြီး ငိုင်နေရင် ကြာလာတဲ့ အခါ သောကတွေ သောင်ထွန်းပြီး ဘာမှ လုပ်လို့ မရတော့လောက်အောင် စိတ်ထွက်ပေါက် ပိတ်သွားနိုင်တယ်။

လူ့လောကမှာ စိတ်ညစ်စရာ စိတ်ဆင်းရဲစရာဆိုတာ အမြဲ ရှိနေတာပဲ။ စိတ်ညစ်စရာတစ်ခု တွေ့လာရင် အဲဒါကို ခဏလေး မေ့ထားပြီး တခြားကို အာရုံပြုထားလိုက်။

နောက်တစ်ချိန်မှာ အဲဒီသောကအကြောင်းကို ပြန်ကြည့်ရင် အနယ်ထိုင်နေတာကို တွေ့ရလိမ့်မယ်။

လောကမှာ သောကနဲ့ ကင်းတဲ့ သူဆိုတာ ရှားပါတယ်။ ပုံပြင်ထဲက ကုလားအုပ်တစ်ကောင်လိုပဲ မိုးရွာနေတဲ့ အချိန်မှာ ကုလားအုပ်ဟာ လယ်သမားဆီမှာ ဦးခေါင်းတစ်လုံးလောက် မိုးခိုခွင့် တောင်းခဲ့ရာက နောက်ဆုံး တစ်ကိုယ်လုံး အထဲရောက်ပြီး အိမ်ရှင်ကို ကန်ထုတ်လိုက်သလိုပဲ။ သောကဆိုတာ နည်းနည်းလေး ဝင်ခွင့်ပေးလိုက်ရင် တဖြည်းဖြည်း ကြီးထွား လာပြီး စိတ်ချမ်းသာခြင်းကို စားမျိုလေ့ရှိတယ်။

ကံကြမ္မာဆိုတာ

"ဓား"နဲ့

ပြုပြင်လို့ မရနိုင်ဘူး။

"အား"နဲ့

ပြုပြင်မှ ရတယ်။

ဘဝမှာ ထူးထူးခြားခြား အောင်မြင်မှု မရသေးဘူးဆိုတာ သင်ကိုယ်တိုင် မယူချင်သေး၍ ဖြစ်ပါသည်။

သင့်စိတ်ထဲမှာ ပြင်းပြင်းထန်ထန် လိုချင်လာရင် ဘာမဆို မရနိုင်တာ မရှိပါဘူး။

မဖြစ်သေးတာကို စိတ်ပျက်နေမယ့်အစား လောလောဆယ် ရောက်နေသော အခြေအနေကို အကောင်းဆုံး ဖြစ်အောင် ကြိုးစားကြည့်ပါ။

သင် ဘာလိုချင်သလဲ?

ချစ်သူလား?

အောင်မြင်မှုလား?

ငွေကြေးဓနဥစ္စာလား?

ရည်မှန်းချက်လား?

အဲဒါတွေ အားလုံးက အလိုလိုတော့ သင့်ဆီကို ရောက်လာမှာ မဟုတ်ပါဘူး ကိုယ်လိုချင်တာတွေကို ရဖို့ ၊ ကိုယ်လိုချင်တဲ့ နေရာ ရောက်ဖို့ ကတော့ သင့်တာဝန်ပါပဲ။

ဒါပေမဲ့ အဖော်တစ်ယောက်တော့ မဖြစ်မနေ ရှိဖို့ လိုတယ်။

"ကြိုးစားမှု" ဆိုတဲ့ အဖော်ပါပဲ။

***

အခန်း (၁)

ကြောက်မက်ဖွယ်ရာ နဂါးမောက်တောင် ကျိန်စာ

မိုးကုန်ပြီးစရာသီ ဖြစ်သောကြောင့် ရာသီဥတုမှ သာယာသည် ဆိုသော်လည်း ကောင်းကင်ပြင်တစ်ဝိုက်မှာ တော့ တိမ်ညိုတိမ်မည်း အနည်းငယ်တော့ ရှိနေသေး၏။

ပင်လယ်ပြင်၏ သဘာဝအတိုင်း ရာသီဥတုမရွေး မိုး အနည်းနှင့်အများ ရွာသွန်းလေ့ ရှိသဖြင့် အနည်းငယ်တော့ မှုန်မှုန်မှိုင်း မှိုင်း ရှိနေတတ်သည် ။

ကပ္ပလီပင်လယ်ပြင်ပေါ်သို့ လရောင်က ဖြာကျလျက် ရှိနေသည် ။

အပြာရောင် ပင်လယ်ရေမျက်နှာပြင်သို့ အဖြူရောင်ပမာ ဖြာဆင်းကျနေသော လရောင်ကြောင့် ငွေရည်ဆမ်းထားသည့်နှယ် လှပတင့်တယ်လျက် ရှိသည် ။

ထိုအချိန်မျိုးတွင် ပင်လယ်ပြင်၏ ဟိုးအဝေးတစ်နေရာတွင် မီးရောင်ကလေးများ တွေ့မြင်ရသည် မှ လွဲပြီး နေရာအတော်များများမှာ တော့ တိတ်ဆိတ်ငြိမ်သက်လျက် ရှိသည် ။

တစ်ခါတစ်ရံ ဖြတ်မောင်းသွားသော စက်လှေတို့ မှ စက်မောင်းသံအချို့ကိုတော့ ကြားရလေ့ ရှိသည် ။

တနင်္သာရီမြစ် ကမ်းရိုးတန်းတစ်လျှောက်မှာ လူနေသော ကျွန်းရော၊ လူမနေသည့် ကျွန်းပါ မြောက်မြားစွာ ရှိပေသည် ။

မြန်မာနိုင်ငံရှိ တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်တွင် ဖြစ်ပေါ်နေသော ကျွန်းကြီး၊ ကျွန်းငယ်ပေါင်း ရာနှင့်ချီ၍ ရှိလေရာ သဘာဝကျွန်းစုအများ ဆုံး နေရာ တစ်နေရာဆိုက မမှားပေ။

မုတ္တမ ပင်လယ်ကွေ့မှ လွန်၍ တနင်္သာရီကမ်းမြောင်ဒေသသို့ ရောက်သည် နှင့် ကျွန်းစုများအား စတင် မြင်နိုင်ပေသည် ။

ဟင်္သာကျွန်း၊ ကုလားအုပ်ကျွန်း၊ ဟိန်းဇဲကျွန်း၊ မောင်းမကန်ကျွန်းစု၊ လောင်းလုံကျွန်းတို့ ကို လွန်လျှင် ထားဝယ်အငူကွေ့သို့ ရောက်သည် ။

မြန်မာနိုင်ငံဖက်မှ လာသော သင်္ဘောကြီးများမှာ ထားဝယ်အငူကွေ့ ရောက်လျှင် ခေတ္တဝင်ရောက် နားလေ့ရှိကြသည် ။

ထားဝယ်အငူကွေ့ လွန်လျှင်တော့ မြန်မာနိုင်ငံ၏ ကျွန်းစုအများ ဆုံး နေရာဖြစ်သော မြိတ်ကျွန်းစုများကို စတင်တွေ့နိုင်ကြသည် ။

သင်္ဘောကြီးများမှာ လည်း ထိုကျွန်းစုများကြားမှ သွားလာကြရ သည် ။

ထားဝယ်ဘက်မှ ကော့သောင်းသို့ သွားမည်ဆိုလျှင် ဦးစွာ တွေ့ရ မည့်ကျွန်းမှာ မလိကျွန်းဖြစ်ပြီး အခြားကျွန်းများကို ဆက်တိုက်တွေ့နိုင် ပေသည် ။

မလိကျွန်းငယ်၊ သမီးလှကျွန်း၊ တနင်္သာရီကျွန်း၊ ကတန်ကျွန်း၊ သ ရော့သဲတန်းကြီးကျွန်း၊ ဒုံးကျွန်း၊ စခန်းသစ်ကျွန်း၊ သိမ်ဖြူကျွန်း၊ ကွမ်း သီးကျွန်း၊ ကံဇော်ကျွန်း၊ ဘင်းတင့်ကျွန်း၊ ပန်းထောင်ကျွန်း၊ ဖရဲကျွန်း၊ အိုဝင်ကျွန်း၊ ကော့ရေးကျွန်း၊ ကလဲရားကျွန်း၊ လန်ပီကျွန်း၊ လာဘိုးရား ကျွန်း၊ ပီလောကာကျုန်းဂိုကျွန်း၊ ဇာဒဏ်ကလေးဟု အခေါ်များ သော ဇာ ဒက်ငယ်ကျွန်း၊ သူဌေးကျွန်း၊ ဇာဒက်ကြီးကျွန်း၊ သံကျွန်း။

အစရှိသည် တို့ ကို တနင်္သာရီကမ်းမြောင်ဒေသမှာ အစဉ်အတိုင်း တွေ့နိုင်ပြီး အခြားအမည်ရှိသေးသော ကျွန်းစုငယ်ပေါင်း မြောက်မြား စွာတို့ လည်း ရှိကြပေသေးသည် ။

ဓာဒက်ကြီးနှင့် သံကျွန်းကို လွန်လျှင်တော့ အမည်တွင် သော ကျွန်းစုများ မရှိတော့ဘဲ အခြားအမည်မတွင် သော ကျွန်းစုများ သာ တွေ့နိုင်တော့သည် ။

ထိုနေရာသို့ လွန်လျှင်တော့ မြန်မာနိုင်ငံ၏ တော်ဘက်အဖျားဆုံး ဘုရင့်နောင်အငူကွေ့ကို လွန်ပြီး ကပ္ပလီပင်လယ်ထဲသို့ ရောက်သွားပေပြီ။

မြေနယ်နိမိတ် မရှိတော့ပေ။

မြန်မာနိုင်ငံ မြောက်ဘက်ဖျားရှိ ပေပေါင်း ၁၉၃၀၅ပေ အမြင့်ရှိသော ခါကာဘိုရာဇီတောင်မှ အစပြုခဲ့သော မြန်မာနိုင်ငံ၏ မြေသားနယ်နိမိတ်မှာ တောင်ဘက်ဖျားရှိ ဘုရင့်နောင်အငူကွေ့သို့ ရောက်သောအခါ မြေသားနယ်နိမိတ် အဆုံးသတ်သွားပြီ ဖြစ်တော့သည် ။

ကပ္ပလီ ပင်လယ်ထဲမှာ တော့ အခြားကျွန်းစုများ ရှိသေးသော်လည်း လူမနေသည့်ကျွန်း မရှိသလောက် နည်းသွားချေပြီ။

တနင်္သာရီ ကမ်းမြှောင်ဒေသရှိ ကျွန်းစုများ ထဲမှာ "နဂါးမောက်တောင်"ဟု အမည်ရှိသော ကျွန်းစုတစ်ခုလည်း ပါဝင်လေသည် ။

နဂါးမောက်တောင်သည် ကပ္ပလီပင်လယ်ဟု ခေါ်သော်လည်း အက်ဒမန်ပင်လယ်ထဲတွင် ရှိသော ကျွန်းတစ်ကျွန်း ဖြစ်၏။

ပင်လယ်ရေမျက်နှာပြင်ပေါ်မှာ ထိုးထွက်နေသော ကျွန်းဆိုသည် ထက် ကျွန်းတောင်ဟု ဆိုက ပို၍ လျော်ကန်လှပေသည် ။

အဘယ်ကြောင့် ဆိုသော် ...

နဂါးမောက်တောင်သည် သာမန်ကျွန်းတစ်ကျွန်း မဟုတ်ဘဲ တိုက်ကြီးတစ်တိုက်ကဲ့သို့ မြင့်မားမတ်စောက်လှသော ကျောက်တောင်ကြီးတစ်တောင်ပင် ဖြစ်၏။

ကျွန်းပေါ်တွင် သစ်ပင်ကြီးငယ်တို့ မပေါက်ဘဲ ကျွန်းတောင်တစ်ခုလုံး၏ မျက်နှာပြင်ပေါ်မှာ အစိမ်းရောင် ရေညှိရေမှော်များ သာ တစ်တောင်လုံး ဖုံးအုပ်ပေါက်ရောက်လျက် ရှိသောကြောင့် နေသာသော နေ့ခင်းဘက်အချိန်များ တွင် လှမ်းကြည့်ပါက ရေပြင်ပေါ်မှာ ကျောက်စိမ်းအရိုင်းတုံးကြီး တစ်တုံး ထွက်နေသည် နှင့် တူလှပေသည်။

နဂါးမောက်တောင်၏ ထူးခြားချက်မှာ တောင်၏ ပုံသဏ္ဍာန်ထူးခြားချက် ဖြစ်သည်။

အဝေးမှ လှမ်းကြည့်လျှင် နဂါးမောက်တောင်၏ ပုံသဏ္ဍာန်မှာ နဂါးတစ်ကောင် အမောက်ထောင်၍ ရေထဲမှ ထိုးထွက်နေသည် နှင့် လွန်စွာတူလှပေသည်။

နဂါးမောက်တောင်မှာ လူနေသော ကျွန်းများ နှင့် ဝေးသော နေရာမှာ ရှိပြီး ၎င်းနှင့်အနီးဆုံးရွာမှာ "အောင်ဘာရွာ"ပင် ဖြစ်သည်။

သို့သော်လည်း နေ့ဝက်ခရီးသာသာသွားမှ ရောက်နိုင်သော နေရာမှ ရှိသည်။

နဂါးမောက်တောင်သည် ကျောက်တောင်ကြီး ဖြစ်သော်လည်း အတွင်း၌ မူ ကျောက်တောင်လိုဏ်ခေါင်းကြီး ဖြစ်သည်။

ဒီနေရေကျချိန်တွင် အတွင်းသို့ ဝင်နိုင်ပြီး ဒီရေတက်လာသောအခါ ဂူပေါက်များ ပိတ်သွားလေ့ရှိသည်။

အတွင်း၌ ရှိသော လိုဏ်ခေါင်းကြီးမှာ မြင့်မားလှသောကြောင့် အပေါ်ပိုင်းသို့ မမြင်နိုင်ပေ။

အပေါ်ပိုင်မှာ မှောင်နေပြီး ဇီဝဇိုးငှက်များ ၏ အသိုက်အိမ်များ ရှိသောကြောင့် အချို့က နဂါးမောက်တောင်ဟု မခေါ်ဘဲ "ငှက်သိုက်ကျွန်း

" ဟု အလွယ်တကူ ခေါ်ကြသည် ။

အခြားကျွန်းများ တွင် ဇီဝဓိုးငှက်သိုက်များ ရှိသော်လည်း လူများက မကြာခဏ ရှာဖွေကြသောကြောင့် ပေါပေါများများ မရနိုင်ပေ။

နဂါးမောက်တောင်မှာ တော့ ငှက်သိုက်များက ပေါချင်တိုင်း ပေါနေတော့သည် ။

အဘယ်ကြောင့် ဆိုသော် ...

ထိုကျွန်းသို့ ငှက်သိုက်ရှာဖွေသူများ မလာဝံ့သောကြောင့် ဖြစ်သည် ။

ဆလုံကျွန်း အတော်များများမှာ နေထိုင်ကြသူများမှာ အဓိက အားဖြင့် ငါး ပုစွန်ရှာခြင်း၊ ပုလဲငုပ်ခြင်းများကိုသာ အဓိကထား၍ လုပ်ကိုင်ကြသော်လည်း တစ်ခါတစ်ရံမှာ ငှက်သိုက်ရှာဖွေခြင်းကို ပြုလုပ်ကြလေသည် ။

ဆလုံတိုင်းရင်းသား အတော်များများ အစွဲအလမ်း ယုံကြည်မှု ရှိကြပြီး နတ်ကိုးကွယ်သူများ သောကြောင့် အယူသီးကြသည် ။

ပင်လယ်ထဲရှိ ကျွန်းများမှာ လှည့်လည်၍ ငှက်သိုက်ရှာဖွေလေ့ ရှိသော်လည်း နတ်ကြီးသည် ဟု ယူဆသော ကျွန်းများ ၊ ခိုက်သည် ဟု ယူဆသော ကျွန်းများကိုတော့ သွားလေ့မရှိကြပေ။

ထိုကျွန်းများကို ရှောင်လေ့ရှိကြသည် ။

၎င်းတို့ ဓလေ့ထုံးစံ အယူအဆအရ နတ်ခိုက်သည် ဟု ယူဆထားကြသောကြောင့် ဖြစ်သည် ။

ဘာကြောင့် ဒေသခံများက နဂါးမောက်တောင်ကျွန်းအား ကြောက်ရွံ့ကြသနည်းဟု ဆိုသော် ထိုကျွန်းအား နတ်များက ကျိန်စာတို

က်ထားသော ကျွန်းဖြစ်သည် ဟု ယူဆထားသောကြောင့် ဖြစ်သည် ။

ညဘက် လသာသော အချိန်များ တွင် ထိုကျွန်းပေါ်မှာ လှုပ်ရှားသွားလာနေသော မည်းမည်းသဏ္ဍာန် အရိပ်အချို့ကို ပင်လယ်ထဲမှ ငါးရှာနေကြသူအချို့က မြင်ရပြီး အချို့ကလည်း ကြောက်မက်ဖွယ်ရာ အဆင်းသဏ္ဍာန်များအား တွေ့မြင်ရသည် ဟု ဆိုကြသည် ။

ထို့ထက် ပိုမိုကြောက်စရာ ကောင်းသည် မှာ ...

ညဘက် တိတ်ဆိတ်သော အချိန်များ တွင် နဂါးမောက်တောင်ဘက်မှ ကျိန်စာဆိုသံကဲ့သို့ အသံမျိုးကြီး ကြားရေသောကြောင့် ဖြစ်သည် ။

၎င်းအသံကြီးမှာ ...

ငါသွေးအန်သကဲ့သို့ ငါ့အသက်ကို ယူကြသူတွေ ဝေဒနာ ပြင်းထန်စွာ ခံစားကြရပါစေ။

ငါ့ရဲ့ အသိုက်အမြုံ ဖျက်ဆီးကြသူများ ငါကဲ့သို့ အသိုက်အမြုံများ ပျက်စီးကြပါစေ။

ငါ့သားသမီးများကို ဖျက်ဆီးသူများ ငါကဲ့သို့ မျိုးဆက်တုံးသော ဘဝသို့ ရောက်ကြပါစေ။

ဟု အဓိပ္ပာယ်သက်ရောက်သော ကျိန်စာဆိုသံကြီး ဖြစ်ပေသည် ။

ညဘက် တိတ်ဆိတ်ငြိမ်သက်သော အချိန်များ ။

လပြည့် လကွယ်ညများ တွင် နဂါးမောက်တောင်ကျွန်းအနီးမှ ဖြတ်သွားကြသူများ တိုင်း ထိုကျိန်စာဆိုသံကြီးကို ကြားကြရသည် ။

ဆလုံတိုင်းရင်းသား အတော်များများမှာ ထိုအသံကြီးကို ကြားသော်လည်း အဓိပ္ပာယ်ကို မသိကြပေ။

သို့စေကာမူ ...

နဂါးမောက်တောင်ကျွန်း လိုဏ်ဂူအတွင်းသို့ အရဲစွန့်ဝင်ကာ ၄က်သိုက်ရှာသူတိုင်း ကျိန်စာဆိုထားသည့် အတိုင်း ဘေးအန္တရာယ် ဒုက္ခများနှင့် တွေ့ကြရသည် ။

တိုက်တိုက်ဆိုင်ဆိုင် ထိုဂူအတွင်းသို့ ၄က်သိုက်ဝင်ရှာသူတိုင်း ရေငုပ်ရင်း နားစည်ကွဲ၍ သော်လည်းကောင်း၊ သွေးစိမ်းရှင်ရှင် အန်၍ သော်လည်းကောင်း သေဆုံးကြရပြီး အချို့ကတော့ ထိခိုက်ဒဏ်ရာ တစ်ခုခုဖြင့် သေဆုံးကြရသည် ။

ဒါမှ မဟုတ် နေအိမ်၊ လှေများ မီးလောင်ပျက်စီးခြင်းများ ဖြစ်လေ့ရှိသည့်အပြင် ၎င်းတို့ မိသားစုအတွင်းမှ တစ်ယောက်မဟုတ် တစ်ယောက် အသေဆိုးဖြင့်သေကာ မိသားစုများ ကွဲကြရခြင်းများ ဖြစ်ကြသည် ။

ဆလုံတိုင်းရင်းသားတို့ မှာ အယုံအကြည် ၊ စွဲလမ်းမှုများ ရှိကြသည်ဆိုသော်လည်း ပထမကတော့ ထိုတိုက်ဆိုင်မှုများကို သတိမပြုမိကြပေ။

ဒါပေမဲ့ ကာလအတန်ကြာသည် အထိ ထိုအဖြစ်ဆိုးများ နှင့် ကြုံရဖန်များ လာသောအခါ ထိုတောင်ကြီးကို ကျိန်စာတိုက်ထားသော တောင်ကြီးဟူ၍ သတိထားမိကြပြီး ဝေးဝေးက ရှောင်ကြလေတော့သည် ။

အချို့ဆိုလျှင် ၄က်သိုက်ဝင်ရှာဖို့ မဆိုထားနှင့် ထိုကျွန်းအနီးတစ်ဝိုက်ကိုပင် မကပ်ဝံ့ကြတော့ပေ။

ပုလဲငုပ်ခြင်း၊ ငါးရှာဖြင်း၊ အလုပ်များကိုပင် အခြားကျွန်းများ အနီးသို့ သွားရောက်လုပ်ကိုင်လေ့ ရှိကြသည် ။

အချို့ကျွန်းများ တွင် နေထိုင်ကြသူများကတော့ တစ်ယူသန် တစ်ဖွတ်ထိုး နိုင်ကြလေသည် ။

"ဒါတွေဟာ နတ်မကြိုက်လို့ ဖြစ်တာပဲ၊ နတ်ကို ကျေနပ်အောင် ပသ တင်မြှောက်ပြီး ငှက်သိုက်သွားနှိုက်မယ်၊ နဂါးမောက်တောင်ကျွန်းမှာ ငှက်သိုက်တွေ အများကြီး ရှိတယ်"

ဟု ပြောကာ အရဲစွန့်ကာ သွားရောက်ရှာဖွေကြသည် ။

သူတို့ သည် ဒီရေကျချိန်တွင် ဂူပေါက်မှ အတွင်းသို့ ဝင်ကြသည် ။

ဂူအပေါ်ပိုင်းအထိ အတော်မြင့်သောကြောင့် ကျောက်စွယ် ကျောက်စွန်းများကို ကြိုးဖြင့် ဆွဲချိတ်ကာ တစ်ဆင့်ချင်း အပေါ်တက်ကြသည် ။

ဂူ၏ အပေါ်ပိုင်းတစ်ခုလုံးမှာ လေဝင်ပေါက် မရှိသောကြောင့် မှောင်မည်းလျက် ရှိသည် ။

ဂူအတွင်းသို့ တစ်ခုတည်းသော လေဝင်ပေါက်မှာ သူတို့ လှေဖြင့် ဝင်ခဲ့သော ဂူပေါက်တစ်ခုသာ ဖြစ်သည် ။

ထိုဝင်ပေါက်မှ လေနှင့်အလင်းရောင်များ ကောင်းစွာ ဝင်လျက်ရှိသည် ။

လောဘသား သုံးယောက်တို့ သည် လှေကို အောက်ဘက်မှ ကြိုးချည်ထားခဲ့ပြီး ကြိုးတစ်ချောင်း၊ ဝါးတစ်လက်၊ လက်နှိပ်မီးတစ်လက် ပလိုင်းတစ်လုံးစီ ယူဆောင်ကာ ဂူနံရံသို့ တွယ်တက်ခဲ့ကြလေသည် ။

သူတို့ သည် ကြိုးများကို အသုံးပြုပြီး အပေါ်မှ ကျောက်စွန်းများကို ကြိုးကွင်းများ ဖြင့် လှမ်းပစ်ချိတ်ကာ ဆွဲတက်ခဲ့ကြခြင်း ဖြစ်၏။

အပေါ်ရောက်လာသောအခါ အမှောင်ရိပ်က ပိုများ လာသလို

အသက်ရှူမဝသလို ဖြစ်လာကြသည် ။

သို့သော်လည်း အပေါ်သို့ ဆက်တက်ခဲ့သည် ။

အတန်ကြာ၍ အောက်သို့ ငုံ့ကြည့်သောအခါ ဂူပေါက်ဝမှ ဝင်နေသော အလင်းရောင်ကလေးနှင့် ၎င်းတို့ ထားခဲ့သော လှေကလေးကို ပျပျမှုံမှုံသာ မြင်ရလေသည် ။

ဇီဝဇိုးငှက်များ အသိုက်ပြုလုပ်သော နေရာမှာ ဂူ၏ အမြင့်ဆုံး အထက်ပိုင်းမှာ သာ ရှိသောကြောင့် ခက်ခက်ခဲခဲ ဆက်တက်ကြလေသည် ။

ယခုလို နေ့အခါတွင် ဂူထဲတွင် နေကြသော ဇီဝဇိုးငှက်ကလေးများမှာ အပြင်သို့ ထွက်ကာ အစာရှာနေကြပြီ ဖြစ်သောကြောင့် ဂူအတွင်းမှ သိပ်မရှိပေ။

လူသုံးယောက်တို့ မှာ လောဘဇောကြောင့်သာ အပေါ်သို့ သဲကြီးမဲကြီး တက်နေကြသော်လည်း အောက်ဘက်ပင်လယ်ပြင်မှာ တစ်စတစ်စ ဒီရေပြန်တက် လာပြီ ဖြစ်သောကြောင့် ဂူပေါက်ဝအတွင်းမှာ ရေများ တက်လာနေပြီကို သတိမရကြပေ။

တစ်စတစ်စနှင့် ရေများ များ လာသောအခါ ဂူပေါက်ဝမှာ တဖြည်းဖြည်း ပိတ် လာလေတော့သည် ။

ထိုအခါ အပေါ်ရောက်နေသော တစ်ယောက်က သတိပြုမိသွားသည် ။

"ဟော့ ... တို့ လှေထားခဲ့တဲ့ နေရာကဝင်ပေါက် ဘယ်ရောက်သွားပြီလဲ၊ မှောင်သွားပါလား"

ထိုအခါ ကျန်နှစ်ယောက်က ငုံ့ကြည့်ကြသည် ။

"မင်းကလည်း ကွာ ... တို့ အပေါ်အမြင့်ရောက်လာလို့ မမြင်ရတော့ တာ ဖြစ်မှာ ပေါ့၊ ဘာစိုးရိမ်စရာ ရှိလို့ လဲ"

" မဟုတ်ဘူး နော်၊ အလင်းရောင် ပျောက်သွားလို့ လား မသိဘူး၊ အ သက်ရှူ ကျပ်လာသလိုပဲ၊ သတိလည်း ထားကြဦး"

"ဒါဆိုရင်လည်း ငှက်သိုက်တွေ ရသမျှ ခွာယူပြီး အောက်ကို မြန်မြန် ပြန်ဆင်းကြတာပေါ့"

ဟု တစ်ယောက်က ပြောကာ ဂူအပေါ်ပိုင်းသို့ အနည်းငယ် ထပ် တက်ကြပြီး ဂူအပေါ်ပိုင်းနံရံတစ်ဝိုက်တွင် ပြုလုပ်ထားသော ငှက်သိုက် အုံကလေးများကို လက်နှိပ်မီးရောင်သုံး၍ ရှာဖွေကြပြီး တွေ့သည် နှင့် ဓားဦးဖြင့် ခွာကာ အသင့်ယူဆောင်လာသော ပလိုင်းခြင်းများ ထဲသို့ ထ ည့်ကြသည် ။

ဂူထဲမှာ တော့ မှောင်သည် ထက် ပိုမှောင်လာသည် ။

ဂူကြီးအတွင်းပိုင်း တစ်ခုလုံးမှာ လည်း ကြောက်မက်ဖွယ်ကောင်း လောက်အောင် တိတ်ဆိတ်ငြိမ်သက်လျက် ရှိလာသည် ။

ထိုအခိုက်မှာ ပင် လေတိုးသံကဲ့သို့ အသံအချို့ ဂူထဲသို့ ဝင်လာသည် ။

"ငါ သွေးအန်သကဲ့သို့ ငါ့အသိုက်ကို ခွာယူကြသူတွေ ဝေဒနာ ပြင်း ထန်စွာ ခံစားကြရပါစေ၊

ငါ့ရဲ့ အသိုက်အမြုံကို ဖျက်ဆီးကြသူများ ၊ ငါကဲ့သို့ အသိုက်အမြုံများ ပျက်စီးကြပါစေ၊

ငါ့ရဲ့ သားသမီးများကို ဖျက်ဆီးကြသူများ ၊ ငါကဲ့သို့ မျိုးဆက်တုံး သော ဘဝသို့ ရောက်ကြပါစေ"

ထိုကဲ့သို့သော အသံအချို့ကို ကြားလိုက်ရသောအခါ ငှက်သိုက်ခွာနေကြသော လူသုံးယောက်တို့ မှာ အထိတ်တလန့် ဖြစ်သွားကြလေတော့သည် ။

"ဟင်"

"ဘာသံကြီးလဲဟ"

"ဘယ်နေရာက ဝင်လာတာလဲ ကြောက်စရာကောင်းလိုက်တာ"

"တို့ အောက်ကို အမြန်ပြန်ဆင်းကြရအောင်ဟေ့၊ ဒီဂူကြီးဟာ ကျိန်စာတိုက်ထားတဲ့ ဂူကြီးဖြစ်မယ်"

"ဟုတ်တယ်၊ ကြောက်စရာ ကောင်းလိုက်တာ၊ အမြန် ပြန်ကြရအောင်၊ အသက်ရှူလို့ မဝတော့ဘူး"

ဟု ပြောဆိုကာ လူသုံးယောက်တို့ သည် ငှက်သိုက်ရှာဖွေခြင်းကို ရပ်တန့်ကာ အောက်သို့ ပြန်ဆင်းရန်ပြင်ကြစဉ်မှာ ပင် ပင်လယ်ဒီရေက တဖြည်းဖြည်း မြင့်တက် လာပြီ ဖြစ်သောကြောင့် ဂူပေါက်ဝမှာ လုံးဝပိတ်သွားပြီ ဖြစ်တော့သည် ။

စောစောက ဂူပေါက်ဝမှာ ဝင်နေသော အလင်းရောင်ကြောင့် အတန်အသင့် မြင်နိုင်သော်လည်း ယခု ဒီရေများက ဂူပေါက်ဝတစ်ခုလုံးအား ပိတ်လိုက်ပြီ ဖြစ်သောကြောင့် မှောင်မည်းသွားခြင်း ဖြစ်သည် ။

ထိုသို့ မှောင်သွားတော့မှ စောစောက တစ်စွန်းတစ်စ ကြားနေရသော ကျိန်စာဆိုသံကြီးအား ပို၍ ကြားလာရတော့သည် ။

တစ်ဆက်တည်းမှာ ပင် ...

ဂူအထက်ပိုင်းသို့ ရောက်နေသော လူသုံးယောက်တို့ မှာ အတွင်း၌ ရှိ

သော လက်ကျန်လေကို မဝတဝ ရှူနေရင်းမှ အသက်ရှူ ကျပ်လာကာ မူးဝေ လာပြီး အောက်သို့ ပြုတ်ကျလုမတတ် ဖြစ်လာတော့သည် ။

ပထမက တစ်ယောက်နှင့်တစ်ယောက် စကားပြောနိုင်သေးသော်လည်း အချိန်အနည်းငယ် ကြာသောအခါ တစ်ဦးနှင့် တစ်ဦး စကားမပြောနိုင်တော့ဘဲ အောက်သို့ ပြုတ်မကျအောင်ပင် မနည်း ကြိုးစားနေကြရသည် ။

သူတို့ ရောက်နေသော နေရာမှာ အတော်ပင် မြင့်နေသောကြောင့် အကယ်၍ အောက်သို့ ပြုတ်ကျပါက ကျောက်စွယ်ကျောက်စွန်းများ နှင့် ဆောင့်မိပြီး အသက်ရှင်နိုင်စရာ မရှိပေ။

ထို့ကြောင့် ...

မိမိတို့ ကိုင်ထားသော ကြိုးများကို ကိုင်ထားရင်းမှ တစ်ယောက်မှာ သတိလစ်ပြီး အောက်သို့ ပြုတ်ကျသွားလေတော့သည် ။

"အား ..."

အော်သံကို မသဲမကွဲသာ ကြားလိုက်ရပြီး ခဏကြာတော့ ပျောက်သွားလေသည် ။

တစ်ယောက် အောက်သို့ ပြုတ်ကျသွားမှန်း သိလိုက်သောအခါ ကျန်နှစ်ယောက်မှာ အောက်သို့ ပြုတ်မကျစေရန် ကြိုးစားများ ဖြင့် မိမိတို့ ကိုယ်များကို ပတ်ချည်လိုက်ကြသည် ။

လူနှစ်ယောက်မှာ အသက်ရှူမဝသော ဒဏ်ကို တောင့်ခံရင်း ရှိသမျှ အားနှင့် ကြိုးဖြင့် ကိုယ်ကို ပိတ်ချည်လိုက်သောအခါ နှစ်ယောက်စလုံးမှာ ကြိုးတန်းလန်းဖြင့် လေထဲမှာ တန်းလန်းကြီးတွေ ဖြစ်နေကြသည် ။

ပင်လယ်ပိုင်းဒေသများ တွင် ဒီရေ အတက်အကျမှာ ဇနောရီ တစ်

ကြိမ် ဖြစ်၏။ ရေတက် ဖနာရီ၊ ရေကျ ဖနာရီ ဖြစ်သည် ။

သို့ကြောင့် ...

ယခု ဂူထဲသို့ ရေများ တက်နေသည် မှာ ဖနာရီ ကြာသောအခါမှ ပြန်ကျတော့မည် ဖြစ်သည် ။

ဂူအတွင်းမှာ ရှိသော လက်ကျန်လေက ဖနာရီကြာအောင် မခံပေ။

မကြာမီ ကြိုးတစ်ချောင်းစီ ခါးမှာ ချည်ကာ လေထဲမှာ တွဲလောင်းကြီး ဖြစ်နေသူ နှစ်ယောက်မှာ တစ်စတစ်စနှင့် အသက်ရှူကျပ်လာကာ မချိမဆံ့ဖြစ်ပြီး အသက်ရှူ ရပ်သွားတော့သည် ။

ထိုအခါ ရေမွန်းသကဲ့သို့ အသက်ရှူရပ်ပြီး သေရသောကြောင့် မျက်လုံးများ ပြူးထွက်ကာ ပါးစပ်မှ သွေးများ အန်ထွက်လာတော့သည် ။

သူတို့ သေဆုံးသွားပြီး အတန်ကြာသောအခါ ဂူအထက်ပိုင်းဘက်ဆီမှ လေတိုးသံကဲ့သို့ အသံများ ကြားရပြီး ဂူအတွင်းသို့ ပြင်ပလေအချို့ဝင်လာသည် ။

ထိုနှင့်အတူ ...

"ငါသွေးအန်သကဲ့သို့ ငါ့အသိုက်ကို ခွာယူကြသူတွေ ဝေဒနာပြင်းထန်စွာ ခံစားကြရပါစေ"

"ငါ့ရဲ့ အသိုက်အမြုံကို ဖျက်ဆီးကြသူများ ၊ ငါကဲ့သို့ အသိုက်အမြုံများ ပျက်စီးကြပါစေ"

"ငါ့ရဲ့ သားသမီးများကို ဖျက်ဆီးကြသူများ ၊ ငါကဲ့သို့ မျိုးဆက်တုံးသော ဘဝသို့ ရောက်ကြပါစေ"

ဟူသော ကြောက်မက်ဖွယ် အသံကြီးက လေတိုက်သံနှင့်အတူ ပါ

လာလေ၏။

ထိုအသံကိုတော့ ဂူအတွင်းမှာ အသက်ပျောက်နေကြသော လူသုံးယောက်တို့ မကြားနိုင်ကြတော့ပေ။

***